
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 6023-6042)
စာစဉ် – ၃၀၂

# သိုင်းပါရဂူ

## စာစဉ် (၃၀၂)

## အပိုင်း ( ၆၀၂၃ )

*

ကြီးမားသော တာအိုလမ်းစဉ် အရှိန်အဝါက အင်ပါယာမင်ကျန်း၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာပြီး မရေတွက်နိုင်သော တာအိုလမ်းကြောင်းများ အဖြစ် ပြောင်းလဲကာ ချင်းချန်၏ မူလတာအိုလမ်းစဉ်သုံးထောင်နှင့် ထိပ်တိုက်တွေ့ဆုံသွား၏။

ယခုအချိန်တွင် အင်ပါယာမင်ကျန်းက သူမျှော်လင့်ထားတာထက် ကျော်လွန်နေသည်ဆိုတာ နားလည်သွားသောကြောင့် မည်သည့်အရာကိုမှ ဖုံးကွယ်ထားခြင်း မရှိတော့ပေ။

သူ၏ ခွဲထုတ်လိုက်သော တာအိုလမ်းစဉ်များနှင့် ချင်းချန်၏ မူလတာအိုလမ်းစဉ်သုံးထောင်က အချင်းချင်း ထိပ်တိုက်တွေ့ဆုံသွားပြီး ကြီးမားသော ပေါက်ကွဲမှုလှိုင်းကို ဖြစ်ပေါ်လာစေသည်။

" အုန်း "

ထိုပေါက်ကွဲမှုလှိုင်းလုံး၏ သက်ရောက်မှုအောက်တွင် နီးကပ်နေသော အင်ပါယာများ အကုန်လုံးက ထိတ်လန့်တကြားဖြင့် အလျင်အမြန်

အနောက်သို့ဆုတ်ကြ၏။

ကျောက်တုံးအင်ပါယာရှီဟွမ်က ထိုပေါက်ကွဲမှုလှိုင်းလုံးအောက်တွင် ဖောက်ထိုးမိုးမျှော် လွင့်ထွက်သွားပြီး ခန္ဓာကိုယ်ထဲမှ မူလအနှစ်သာရ စွမ်းအားပင် ပျက်စီးတော့မလို ဖြစ်သွားသည်။

ပေါက်ကွဲမှုလှိုင်းလုံး တစ်ခုတည်းနှင့် သူက ခန္ဓာကိုယ်အက်ကွဲပြီး သေဆုံးတော့မလို ခံစားလိုက်ရခြင်းဖြစ်၏။

" ချီးပဲ အဲ့လောက်တောင် ကြောက်စရာကောင်းတာလား "

ကျောက်တုံးအင်ပါယာရှီဟွမ် ပေါက်ကွဲမှု ရှိရာနေရာသို့ အလန့်တကြားပင် ပြန်ကြည့်လိုက်ပြီး ခန္ဓာကိုယ်က တုန်ယင်နေသည်။

" မေ့လိုက်တော့ အရင်ပုန်းအောင်းပြီနေတာကောင်းတယ်၊ ငါသာဒီနေရာမှာ သေသွားမယ်ဆိုရင် အနာဂတ်ဆိုတာတောင် ရှိလာမှာမဟုတ်တော့ဘူး "

သူက တိတ်တဆိတ်ဖြင့် အခြားအင်ပါယာများ၏ အနောက်သို့ တိုးသွား၍ အလျင်အမြန် ပုန်းအောင်းလိုက်၏။

" ဒါကပညာရှိတဲ့လုပ်ရပ်ပဲ၊ နောက်ထပ် ဆယ်စုနှစ်ပေါင်းမြောက်များစွာ ထပ်ပြီးအခွင့်အရေးကို စောင့်ရမယ်ဆိုရင်တောင်မှ ငါ့အတွက် အချိန်မနှောင်းသေးဘူး "

သူကစောင့်နိုင်သော်လည်း အင်ပါယာမင်နှင့် အခြားလူများကတော့ ထိုကဲ့သို့ မစောင့်နိုင်ချေ။

" ဒီလိုဖြစ်လို့မရဘူး သတ် "

" အဲ့ဒီကောင်လေးက ငါတို့ငရဲပြည်ရဲ့ လူသေမြစ်အရင်းအမြစ်ကို ထိန်းချုပ်လို့မရဘူး "

သူတို့အားလုံးက အရှူးအမူးပင် လှုပ်ရှားပြီး ချင်းချန်ကို တားဆီးရန်လုပ်သည်။

" အုန်း .. အုန်း .. အုန်း "

မဟာအင်ပါယာသုံးယောက်က သူတို့၏စွမ်းအားကို အစွမ်းကုန်ထုတ်ဖော်ပြီး ကျောက်ရုပ်ထုများကို တစ်ရုပ်ပြီးတစ်ရုပ် ဖျက်ဆီးကြ၏။

တစ်ခဏအတွင်းပင် အမှောင်ထုထဲ၌ ဗရမ်းဗတာတိုက်ပွဲများက ပြန်လည်စတင်လာသည်။

လူသေမြစ်အရင်းအမြစ် ရှိရာနေရာတွင်တော့ ချင်းချန်က ကျန်အရာများအားလုံးကို လျစ်လျူရှုထားပြီး လူသေမြစ်အရင်းအမြစ်နှင့် ချိတ်ဆက်ရန်သာ ကြိုးစားနေ၏။

" အုန်း "

လူသေမြစ်၏ ကြောက်စရာကောင်းသော တာအိုစွမ်းအားများက ချင်းချန်၏ မူလတာအိုသုံးထောင်နှင့် လျင်မြန်စွာ ရောယှက်သွားပြီး ပေါင်းစပ်နေသည်။

ချင်းချန်၏ခန္ဓာကိုယ်မှ အရှိန်အဝါကလဲ အားကောင်းသထက်အားကောင်းလာပြီး အင်ပါယာအဆင့် အရှိန်အဝါက ဖြတ်ခနဲဖြတ်ခနဲ ထွက်ပေါ်လာ၏။

သို့သော်လည်း လူတိုင်းကို အံ့အားသင့်စေသည်မှာ ချင်းချန်၏ မူလတာအိုလမ်းစဥ်သုံးထောင်က လူသေမြစ်အရင်းအမြစ်၏ တာအိုလမ်းစဥ်နှင့် ပေါင်းစပ်နေပုံရသော်လည်း ၎င်းတို့နှစ်ခုကြားတွင် အထူးကွာဟချက်တချို့က ရှိနေဆဲပင်ဖြစ်သည်။

" ဒီကောင်လေးက ငရဲပြည်ရဲ့ မူလတာအိုလမ်းစဥ်သုံးထောင်ကို ပိုင်ဆိုင်

ထားတာတောင်မှ လူသေမြစ်အရင်းအမြစ်နဲ့ ပေါင်းစပ်လို့မရတဲ့ပုံပဲ "

အင်ပါယာမင်နှင့် ကျန်သူများက ထိုပြောင်းလဲမှုကို သတိထားမိပြီး အံ့သြတကြီး ရေရွတ်လိုက်၏။

အင်ပါယာမင်ကျန်းကလည်း အံ့အားသင့်ပုံရပြီး မကြာခင် တစ်စုံတစ်ခုကို သိရှိသွားပုံဖြင့် တဟားဟား အော်ရယ်တော့သည်။

" ဟား .. ဟား ငါနားလည်ပြီ မင်းကငရဲပြည်ရဲ့ မူလတာအိုလမ်းစဥ်သုံးထောင်ကို ထိန်းချုပ်နိုင်ရင်တောင်မှ စကြဝဠာပင်လယ်ကလူ ဖြစ်နေတာက ပြဿနာရှိနေဆဲပဲ၊ လက်ရှိအခြေအနေနဲ့ဆို မင်း မူလတာအိုလမ်းစဥ်သုံးထောင်ကို ထိန်းချုပ်ထားနိုင်လို့ လူသေမြစ်ရဲ့ အရင်းအမြစ်စွမ်းအား တစ်စိတ်တစ်ပိုင်းကို ထိန်းချုပ်နိုင်ရင်တောင် လူသေမြစ်တစ်ခုလုံးကို ထိန်းချုပ်နိုင်ဖို့ကတော့ လုံးဝမဖြစ်နိုင်ဘူး "

" မင်းက လူသေမြစ်ကို မထိန်းချုပ်နိုင်တော့ဘူးဆိုမှတော့ ငါကဘာကို စိုးရိမ်နေရဦးမှာလဲ "

" ဟား .. ဟား .. ဟား "

ထိုစကားကြားသောအခါ အင်ပါယာမင်နှင့် ကျန်သူများကလည်း စိတ်လှုပ်ရှားသွားကြ၏။

ထိုကောင်လေး လူသေမြစ်၏ အရင်းအမြစ်ကို မထိန်းချုပ်နိုင်သ၍ သူတို့အတွက် မျှော်လင့်ချက်ရှိသည်။

" ဆရာချန် လူသေမြစ်ရဲ့ အရင်းအမြစ်က နင့်ကိုအသိအမှတ်ပြုမှာမဟုတ်ဘူး စွန့်လွှတ်လိုက်တော့၊ လူသေမြစ်အရင်းအမြစ်က ငရဲပြည်မှာ မွေးဖွားလာတဲ့ အစစ်အမှန် သက်ရှိတွေကိုပဲ အသိအမှတ်ပြုတာ၊ နင်က ငရဲပြည်ရဲ့ တာအိုလမ်းစဥ်တွေကို ဘယ်လောက်ပဲ တစ်သားတည်းကျအောင်

ထိန်းချုပ်နိုင်နေပါစေ အသိအမှတ်ပြုမှာ မဟုတ်ဘူး "

မင်းသမီးနင်မူယာ သက်ပြင်းချပြီး ချင်းချန်ကို နောင်တများနှင့်အတူ ပြောလိုက်၏။

ဤရလဒ်ကို သူမ အစောကြီးကတည်းက သိသော်လည်း ချင်းချန်ကို ယုံကြည်သဖြင့် မျှော်လင့်ချက်အချို့ထားခဲ့မိသည်။

တစ်ဖက်တွင်ချင်းချန်က မင်းသမီးနင်မူယာကို ပြုံးကာကြည့်လိုက်၏။

" မင်းသမီးနင် ဒီကိစ္စကိုငါသိပြီးသား၊ ဘာလို့လဲဆိုတော့ မင်းကလဲငရဲပြည်ကမဟုတ်ပဲ စကြဝဠာပင်လယ်က လူတစ်ယောက်မို့လို့လေ "

ချင်းချန်၏ ထိုစကားက မင်းသမီးနင်မူယာ၏ခန္ဓာကိုယ်ကို တုန်တက်သွားစေသည်။ သူမ ချင်းချန်ကို မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

သူမက ချင်းချန်ကို ဝန်မခံသော်လည်း မျက်လုံးထဲရှိ တုန်လှုပ်မှုများကတော့ အမှန်တရားကို ထုတ်ဖော်ပြောကြားနေခဲ့သည်။

" မိန်းကလေးနင် မင်းက မသေမျိုးနိုင်ငံကို တည်ထောင်နိုင်သလို ငရဲမြစ်ရဲ့ အရှိန်အဝါစွမ်းအားကိုလည်း ထိန်းချုပ်နိုင်ပြီး ကျောက်ရုပ်ထုတွေရဲ့ တိုက်ခိုက်ခြင်းကိုလည်း မခံရဘူး၊ ဒါပေမဲ့ နှစ်ပေါင်းများစွာ ကြာတာတောင်မှ မင်းက လူသေမြစ်ရဲ့အရင်းအမြစ်ကို မထိန်းချုပ်နိုင်ဘူးလေ၊ အဲ့တာကြောင့် ငါက ဒီလိုမျိုး ကောက်ချက်ချခန့်မှန်းလိုက်တာ "

" ပြီးတော့ ငါမင်းရဲ့လက်မောင်းကို မတော်တဆ ထိတွေ့မိခဲ့တဲ့ အချိန်ကလဲ မင်းက စကြဝဠာပင်လယ်က လူဆိုတာကို သိခဲ့တယ် "

မင်းသမီးနင်မူယာ ချင်းချန်ကို မယုံကြည်နိုင်စွာကြည့်လိုက်၏။

ချင်းချန်က လူသေမြစ်၏အရင်းအမြစ်ကို ထိတွေ့ပြီးမှသာ ထိုလျှို့ဝှက်ချက်ကို ရှာတွေ့ခဲ့သည်ဟု သူမထင်ခဲ့သော်လည်း သူမအသားကိုထိတွေ့

ကတည်းက သိနေမည်ဟု လုံးဝမမျှော်လင့်ထားပေ။

" မဟုတ်သေးဘူး .. နင်အဲ့တာကို သိသွားရင်တောင်မှ ဘာလို့အခုလိုမျိုး ကြိုးစားနေသေးတာလဲ "

ချင်းချန်ပြုံးပြီး ပြန်ပြောလိုက်သည်။

" အစကနေအဆုံးအထိ ငါ့ရဲ့ရည်ရွယ်ချက်က လူသေမြစ်ရဲ့ အရင်းအမြစ်ကို ပေါင်းစည်းပြီး လူသေမြစ်ကိုထိန်းချုပ်ဖို့ မဟုတ်ဘူးလေ "

" နင့်ရဲ့ပန်းတိုင်က အဲ့တာမဟုတ်ဘူးလား "

မင်းသမီးနင်မူယာ ပို၍ပင် အံ့အားသင့်သွား၏။

သူမတင်မက အင်ပါယာမင်ကျန်းနှင့် အဝေးမှတိုက်ခိုက်နေသော အင်ပါယာများအားလုံးကလည်း သူတို့နှစ်ယောက်ကို တအံ့တသြကြည့်နေကြသည်။

မင်းသမီးနင်မူယာက ငရဲပြည်မှမဟုတ်ပဲ စကြဝဠာပင်လယ်က ဆိုသော စကားက သူတို့ကို အံ့သြထိတ်လန့်စေ၏။ သူမက စကြဝဠာပင်လယ်ကဖြစ်ပြီး အဘယ့်ကြောင့် မသေမျိုးနိုင်ငံကို အုပ်စိုးနိုင်သနည်း။

သူတို့ကိုပို၍ ထိတ်လန့်စေသည်က ချင်းချန်၏ပန်းတိုင်မှာ လူသေမြစ်ကို ထိန်းချုပ်ဖို့ မဟုတ်ခြင်းပင်။

" မူယာ နင်ကိုယ်တိုင် လူသေမြစ်အရင်းအမြစ်ကို မပေါင်းစပ်နိုင်ကတည်းကိုက ဒါဘယ်လောက်ခက်ခဲလဲဆိုတာ ငါသိပြီးသား၊ အဲ့တော့ငါက လူသေမြစ်အရင်းအမြစ်နဲ့ ပေါင်းစပ်နိုင်ဖို့ မျှော်လင့်ချက်မရှိဘူး၊ ငါက အကြောင်းအရာတစ်ခုကို အတည်ပြုဖို့သာ ဒီလိုလုပ်ခဲ့တာ "

" အခု အဲ့တာကို အတည်ပြုပြီးသွားဆိုတော့ နောက်ဆုံးစိတ်ချနိုင်ပြီ "

" ရှောင်းရှောင်း "

ချင်းချန် ထိုသို့အော်ခေါ်လိုက်သည်နှင့် လူတိုင်း၏အကြည့်အောက်တွင် နတ်အလင်းတန်းများ တောက်ပနေသော ကလေးမလေးတစ်ယောက်က ထွက်ပေါ်လာသည်။

***

အပိုင်း ( ၆၀၂၄ )

*

ထွက်ပေါ်လာသော ကလေးမလေး၏ ခန္ဓာကိုယ်ပေါ်တွင် အစွမ်းထက်သော အရှိန်အဝါ တစ်စက်မှမရှိချေ။

" ဒီမိန်းကလေးကဘယ်သူလဲ "

ထိုကောင်မလေးကို ကြည့်ရသည်မှာ အရမ်း သာမန်ကဲ့သို့ ခံစားရ၏။

သူမ၏ပုံစံက ရိုးရှင်းပြီး မည်သည့်ထူးဆန်းမှုမှမရှိပေ။ ငရဲပြည်၏ တောရွာလေးတစ်ရွာမှ သာမန်တစ္ဆေဝိညာဥ်လေး တစ်ခုနှင့်ပင် တူညီသည်။

ပြောရလျှင် အလွန်ကို သာမန်ဆန်နေခြင်းဖြစ်၏။

သို့သော်လည်း ထိုကလေးမလေး လူသေမြစ်ထဲ ထွက်ပေါ်လာသည့်အချိန်တွင် လူသေမြစ်၏စွမ်းအားက သူမအပေါ်၌ အလွန်နူးညံ့နွေးထွေးစွာ ဆက်ဆံနေသည်။

" သူမ .. သူမက မဖြစ်နိုင်ဘူး "

ရှောင်းရှောင်းကို မြင်သော် အင်ပါယာမင်ကျန်း၏ အမူအရာက အကြီးအကျယ် ပြောင်းလဲသွား၏။

လူသေမြစ်ထဲတွင် မပေါ်လာသင့်သော အရာတစ်ခုကို မြင်လိုက်ရသကဲ့သို့

မျက်လုံးထဲတွင် ထိတ်လန့်မှုများ ထွက်ပေါ်လာသည်။

ယခုတစ်ခေါက်တွင်သူက အစစ်အမှန် တုန်လှုပ်နေခြင်း ဖြစ်၏။

ထိုဖြစ်ရပ်က အခြားအင်ပါယာများအားလုံးကို အံ့အားသင့်သွားစေပြီး ချင်းချန်ဘေးနားတွင် ရှိနေသော ရှောင်းရှောင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

ထိုမိန်းကလေးက မည်သူဖြစ်သနည်း။

အင်ပါယာမင်ကျန်းက သူမကို မြင်လိုက်သည့်အချိန်တွင် အဘယ့်ကြောင့် ဤကဲ့သို့ အမူအရာ ဖြစ်လာရသနည်း။

အစကတည်းက ယခုအချိန်အထိ အင်ပါယာမင်ကျန်း၏ မျက်လုံးထဲတွင် ယခုလိုမျိုး ကြောက်လန့်သည့် အမူအရာကို သူတို့တစ်ခါမှ မမြင်ဖူးပေ။

မင်းသမီးနင်မူယာ ရှောင်းရှောင်းကို ရှုပ်ထွေးသော အမူအရာများဖြင့် ကြည့်လိုက်၏။

ရှောင်းရှောင်းထံမှ ထွက်ပေါ်နေသော အရှိန်အဝါက သူမဘေးနားတွင်ရှိနေသော လူသေမြစ်အရင်းအမြစ်၏ အရှိန်အဝါနှင့် တူညီနေသည်။

ချင်းချန်က ထိုမိန်းကလေးကိုကြည့်ကာ အဘယ့်ကြောင့် ယုံကြည်ချက် မြင့်မားနေသည့်ပုံ ရှိနေသနည်း။

ရုတ်တရက် သူမတစ်စုံတစ်ခုကို တွေးမိလိုက်ပြီး မင်းသမီးနင်မူယာက ရှောင်းရှောင်းနှင့် လူသေမြစ်အရင်းအမြစ်နှစ်ခုကို စုန်ချီဆန်ချီကြည့်လိုက်၏။

" သူမ .. သူမ .. သူမဖြစ်နိုင်တာက… "

" ရှောင်းရှောင်း … လူသေမြစ် အရင်းအမြစ်ကို ထိန်းချုပ်နိုင် မထိန်းချုပ်နိုင်က သမီးအပေါ် မူတည်သွားပြီ "

ချင်းချန်ပြောလိုက်လျှင် ရှောင်းရှောင်း ပြုံးပြီးခေါင်းညိတ်လိုက်သည်။

ထို့နောက် သူမက လူသေမြစ်အရင်းအမြစ် အလင်းလုံးကြီးကို စိုက်ကြည့်ပြီး သေးငယ်သော လက်ဖဝါးလေးကို ဆန့်ထုတ်၍ ညင်သာစွာ ထိတွေ့လိုက်၏။

ထိုအလင်းဘောလုံးကြီးထဲတွင် သူမနှင့်ရင်းနှီးသော အရှိန်အဝါကို ခံစားနေရသည်။

" မဟုတ်ဘူး ရပ်လိုက် "

ရှောင်းရှောင်းက လူသေမြစ်အရင်းအမြစ်ကို ထိတွေ့ရန် လက်လှမ်းလာသည်ကို မြင်သောအခါ အင်ပါယာမင်ကျန်း အလန့်တကြားပင် အော်ဟစ်လိုက်၏။

ထို့နောက်သူက ရှုးသွပ်သော အမူအရာဖြင့် လူသေမြစ်အရင်းအမြစ်ရှိရာသို့ ပြေးသည်။

မရေတွက်နိုင်သော ကျောက်ရုပ်ထုများက သူ၏အရှူးအမူး လှုပ်ရှားမှုအောက်တွင် တအုန်းအုန်းဖြင့် လွင့်ထွက်သွားပြီး လျင်မြန်စွာ မဟာအင်ပါယာအဆင့်ရှိသည့် ကျောက်ရုပ်ထုသုံးခုရှေ့သို့ ရောက်ရှိလာ၏။

ထိုကျောက်ရုပ်ထုသုံးခုက သူ့ကိုရှေ့ကနေ ကာဆီးပြီး ပိတ်ဆို့သည်။

" ဖယ်ပေးစမ်း "

အင်ပါယာမင်ကျန်း ဒေါသတကြီး အော်ဟစ်လိုက်ပြီး နတ်ဧကရာဇ်တစ်ပိုင်း ခွန်အားအကုန် သုံးလိုက်ကာ ကျောက်ရုပ်ထုသုံးခုကို လွင့်ထွက်သွားစေ၏။

သို့သော် ကျောက်ရုပ်ထုသုံးခု၏ စွမ်းအားက မဟာအင်ပါယာအဆင့်တွင်ရှိနေပြီး ဒဏ်ရာများ ပြန်လည်ကောင်းမွန်နိုင်သဖြင့် ချက်ချင်းသူ့ကို ပြန်

ပိတ်ဆို့သည်။

ထို့ကြောင့် အင်ပါယာမင်ကျန်း၏ အရှိန်က ရပ်တန့်သွား၏။

" မဖြစ်နိုင်ဘူး သူမကဘာလို့ ဒီမှာပေါ်လာတာလဲ မဟုတ်ဘူး ရပ်လိုက် မလုပ်နဲ့ "

ရှောင်းရှောင်းကို သူတစ်ယောက်တည်း မတားနိုင်ဘူးဆိုတာကို ရိပ်မိသဖြင့် အင်ပါယာမင်ကျန်း၊ ယာမအင်ပါယာနှင့် အင်ပါယာမင်တို့ရှိရာဘက်သို့ လှည့်ကြည့်လိုက်သည်။

" မင်းတို့ဘာလုပ်နေတာလဲ မြန်မြန် သူမကိုတား၊ သူမက လူသေမြစ်ထဲကနေ လွတ်မြောက်ထားတဲ့ ဝိညာဥ်ပဲ၊ လူသေမြစ်အရင်းအမြစ်နဲ့ ထိတွေ့သွားရင် သူမချက်ချင်း ထိန်းချုပ်သွားလိမ့်မယ် "

" ဘာ .. လူသေမြစ်ထဲကနေ လွတ်မြောက်သွားနိုင်တဲ့ဝိညာဥ် ဟုတ်လား "

အင်ပါယာမင်၊ ယာမအင်ပါယာနှင့် ငရဲမြစ်အင်ပါယာတို့သုံးယောက်လုံး တုန်လှုပ်သွား၏။

သူတို့အကုန်လုံး ရှောင်းရှောင်းရှိသည့်နေရာသို့ လှမ်းကြည့်လိုက်သည်။ သို့သော် အရမ်းနောက်ကျသွားပြီဖြစ်၏။

လူတိုင်း၏အကြည့်အောက်တွင် ရှောင်းရှောင်း၏လက်က လူသေမြစ်အရင်းအမြစ် အလင်းဘောလုံးနှင့် ထိတွေ့သွားပြီဖြစ်သည်။

" အုန်း "

လူတိုင်းစောင့်ကြည့်နေသည့် မျက်လုံးအကြည့်အောက်မှာပင် ရှောင်းရှောင်း၏ ခန္ဓာကိုယ်တစ်ခုလုံးက အလင်းဘောလုံး၏ အလင်းများ ဖုံးလွှမ်းခြင်း ခံလိုက်ရပြီး ထိုအလင်းတန်းများက တဖြည်းဖြည်း ပြန့်ကား

ထွက်လာခဲ့ကာ လူတိုင်းကိုပင် ဖုံးလွှမ်းသွား၍ လူသေမြစ် တောက်လျှောက်ကို ပျံ့နှံ့သွား၏။

" ဘုန်း "

အပြင်ဘက်တွင်ရှိနေသော လူသေမြစ်တစ်ခုလုံးက ပြင်းထန်စွာ တုန်ခါလာခဲ့ပြီး လှိုင်းလုံးများထလာသည်။ သို့သော် ထိုလှိုင်းလုံးများက ပျော့ရှင်စွာ ခုန်ပေါက်နေသကဲ့သို့ပင်။

ထို့နောက် လူတိုင်း၏အကြည့်အောက်မှာပင် ရှောင်းရှောင်း၏ ခန္ဓာကိုယ်က လူသေမြစ်အရင်းအမြစ် အလင်းဘောလုံးထဲ ဝင်ရောက်သွား၏။

" အစ်ကိုကြီး ငါဘယ်ရောက်သွားတာလဲ "

အလင်းဘောလုံးထဲမှ ရှောင်းရှောင်း၏ ထိတ်လန့်နေသောအသံက ထွက်ပေါ်လာသည်။

" စိတ်မပူနဲ့ သမီးက အလင်းဘောလုံးထဲမှာ ရှိနေတာ "

ချင်းချန် အလင်းဘောလုံးကိုကြည့်ပြီး ပြောလိုက်၏။

သူ၏အသိစိတ်အာရုံအောက်တွင် အလင်းဘောလုံးထဲ၌ အသိစိတ်ဖြစ်ပေါ်လာပြီး တိုက်ခိုက်နေသည့် မရေတွက်နိုင်သော ကျောက်ရုပ်ထုများကလဲ အလင်းဘောလုံးကို လှည့်ကာကြည့်လာသည်။

" အစ်ကိုကြီး ငါဘာဆက်လုပ်ရမလဲ "

ရှောင်းရှောင်း၏ ထိတ်လန့်နေသောအသံက ထပ်မံထွက်ပေါ်လာ၏။ သူမတစ်ယောက်တည်း အလင်းဘောလုံးထဲ ရောက်ရှိနေသဖြင့် ကြောက်ရွံ့နေပုံရသည်။

" ရှောင်းရှောင်း စိတ်မပူနဲ့၊ လက်ရှိသမီးက လူသေမြစ်ရဲ့ဝိညာဉ်ပဲ၊ ဒီအလင်းဘောလုံးနဲ့ ပေါင်းစပ်ပြီ လူသေမြစ်ကို ထိန်းချုပ်နိုင်မလားဆိုတာကို

ကြိုးစားကြည့်လိုက် "

" ရှောင်းရှောင်းသာ လူသေမြစ်ကို ထိန်းချုပ်နိုင်မယ်ဆိုရင် ဒီလူဆိုးတွေကို တစ်ယောက်မှ ကြောက်စရာမလိုတော့ဘူး "

" အထူးသဖြင့် အရှေ့ဆုံးမှာရှိတဲ့ လူကိုတွေ့တယ်မလား၊ သူနဲ့လူသေမြစ်ရဲ့ စွမ်းအား ချိတ်ဆက်မှုပြတ်တောက်အောင်လို့ သမီးအရင်ဆုံးကြိုးစားပေး "

" သူနဲ့လူသေမြစ်အကြား ချိတ်ဆက်မှု ဖြတ်တောက်ပစ်ရမှာလား "

ရှောင်းရှောင်း၏အသံက ထွက်ပေါ်လာပြီ ချက်ချင်းပင် စတင်ကြိုးစား၏။ သို့သော် သူမ၏စိုးရိမ်ပူပန်သောအသံက ပြန်ထွက်ပေါ်လာသည်။

" အစ်ကိုကြီး သမီးအဲ့လိုလုပ်လို့မရဘူး၊ သမီးက ဒီနေရာမှာရှိတဲ့ ကျောက်ရုပ်ထုတွေကို ထိန်းချုပ်လို့ပဲရတယ် လူသေမြစ်ကိုဘာလို့ မထိန်းချုပ်နိုင်တာလဲမသိဘူး "

ထိုစကားက ချင်းချန်ကို အံ့အားသင့်ပြီး မျက်မှောင်ကြုတ်သွားစေ၏။

ရှောင်းရှောင်းမှာ လူသေမြစ်မှ လွတ်မြောက်ခဲ့သည့် မူလဝိညာဉ်တစ်ခုဖြစ်သည်။ ထို့အပြင်သူမက ယင်ယန်သဘာဝ ဝိညာဉ်ခန္ဓာကိုယ်ကိုလည်း ပိုင်ဆိုင်ထားပြီး အလင်းဘောလုံးနှင့် ပေါင်းစပ်ပြီးသည့်အချိန်တွင် လူသေမြစ်ကို ထိန်းချုပ်နိုင်ရမည်။

ဤကဲ့သို့ ပြောင်းလဲမှုက ချင်းချန်၏အတွေးများကို လေးနက်သွားစေ၏။

" နားလည်ပြီ .. ငါနားလည်ပြီ ဟား .. ဟား "

ထိုအချိန်တွင် ကျောက်ရုပ်ထုသုံးခုနှင့် ရှုံးသွပ်စွာ တိုက်ခိုက်နေသော အင်ပါယာမင်ကျန်း၏မျက်နှာတွင် စိတ်လှုပ်ရှားမှုများ ထွက်ပေါ်လာပြီး တဟားဟား အော်ရယ်လိုက်သည်။

" ငါနားလည်ပြီ အဲ့ကောင်မလေးမှာ အတိတ်ဘဝကဝိညာဉ်နဲ့ ပစ္စုပ္ပန်ဘဝကဝိညာဉ် နှစ်ခုပဲရှိတယ်လေ၊ အနာဂတ်ဝိညာဥ်မရှိဘူး၊ သူမရဲ့အနာဂါတ်ဝိညာဉ်ကို ငါကလူသေမြစ်လှိုဲ့ဂှက်ဘုံမှာ အကျဥ်းချထားတာ၊ နောင်တမဲ့သတ်ဖြတ်ခြင်းဇကေရာဇ် သူမကိုကယ်တင်တဲ့အချိန်မှာ သူမရဲ့အသက်ဝိညာဥ်သုံးခုလုံးကို မယူသွားနိုင်ခဲ့ဘူး၊ သူမရဲ့ဝိညာဥ် မပြည့်စုံမှတော့ လူသေမြစ်ရဲ့အရင်းအမြစ်နဲ့ ပေါင်းစပ်နိုင်ရင်တောင်မှ ဘယ်လိုလုပ် လူသေမြစ်ကို ထိန်းချုပ်နိုင်တော့မှာလဲ ဟား .. ဟား .. ဟား "

လက်ရှိ အင်ပါယာမင်ကျန်း၏ မျက်နှာတွင် မူလက စိုးရိမ်ပူပန်မှုများ ပျောက်ကွယ်သွားပြီး စိတ်အားတက်ကြွမှုများ ထွက်ပေါ်နေ၏။ သူက ရှုးသွပ်သော မျက်လုံးများဖြင့် ချင်းချန်ကို စိုက်ကြည့်လာသည်။

" ကောင်လေး မင်းက ငါ့ရဲ့အစီအစဥ်ထဲမှာ တကယ်ကို မထင်မှတ်ထားတဲ့ ဖျက်မြင်းပဲ၊ နောင်တမဲ့သတ်ဖြတ်ခြင်းဇကေရာဇ်က မင်းကိုသူမရဲ့ဝိညာဥ်ကိုတောင်မှ လွှဲပြောင်းပေးအပ်လိုက်မယ်လို့ မထင်မှတ်ထားဘူး၊ အဲ့တာကိုသာ ငါသိခဲ့ရင် အစောကြီးကတည်းက မင်းကိုသတ်လိုက်ပြီး သူမရဲ့ဝိညာဉ်ကို အသုံးချလို့ လူသေမြစ်ကိုလဲ ထိန်းချုပ်နိုင်နေလောက်ပြီ "

***